# ငွေကြေးအလွဲသုံးမှုနှင့် ကာကွယ်ခြင်းလုပ်ငန်း - စက်ဝန်း

HARP-F Humanitarian Assistance and Resilience Programme Facility

CROWN AGENTS ACCELERATING SELF-SUFFICIENCY & PROSPERITY

Supported by: UKaid

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

## တိုင်ကြားမှုကို သုံးသပ်ခြင်း

- ငွေကြေးအလွဲသုံးမှုများနှင့် တိုင်ကြားမှုများကို သက်ဆိုင်ရာ OPS ညှိနှိုင်းရေးတာဝန်ခံနှင့် ဆက်သွယ်ပြီး လျှို့ဝှက်စွာ ဆောင်ရွက်ရန်
- အဆိုပါကိစ္စရပ်နှင့် စပ်ဆက်နေသည့် ဝန်ထမ်းများအားလုံးကို လည်း ကန့်သတ်ထားရန်လိုအပ်သည်။
- OPS ညှိနှိုင်းရေးတာဝန်ခံမှ စုံစမ်းစစ်ဆေးခြင်းလုပ်ငန်း စတင်ရန်အတွက် HARP-F တွင် ကော်မတီတစ်ရပ်ဖွဲ့စည်းမည်ဖြစ်ပါသည်။ OPS ညှိနှိုင်းရေးတာဝန်ခံမှ SMT နှင့် ကော်မတီတွင် ပါဝင်ရမည့် အဖွဲ့ဝင်များသတ်မှတ်ရန်အတွက် ဆွေးနွေးမည်ဖြစ်ပါသည်။
- သက်ဆိုင်ရာ မိတ်ဘက်/ဝန်ထမ်းများမှ စုံစမ်းစစ်ဆေးရေး လုပ်ငန်းလုပ်ဆောင်ရန်အတွက် ပါဝင်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ (အင်တာဗျူး/ အချက်အလက်ကောက်ခံခြင်း) gathering)

## အလှူရှင်များ အသိပေးခြင်း

- OPS ညှိနှိုင်းရေးတာဝန်ခံမှ FCDO မြန်မာရုံးသို့ ဖြစ်စဉ် အကျဉ်းချုပ်အား တင်ပြပြီး ဖြစ်ရပ်/တိုင်ကြားချက် ရရှိထားကြောင်းပါရှိမည်ဖြစ်သည်။
- CA Business Integrity ၏ တာဝန်ရှိသူမှ ဖြစ်ရပ်အား FCDO East Kilbride နှင့် မှတ်တမ်းတင်ထားမည်ဖြစ်ပြီး FCDO မြန်မာအဖွဲ့ထံသို့လည်း အကြောင်းကြားမည်ဖြစ်သည်။
- ဖြစ်စဉ်နှင့်ပတ်သက်၍ ထူးခြားမှုရှိပါက FCDO အနေဖြင့် သိရှိပြီး မှတ်တမ်းသွင်းထားမည်ဖြစ်သည်။

## စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်

- အစီရင်ခံ တင်သွင်းသူနှင့် ချိတ်ဆက်ပြီး တိုင်ကြားချက်များ အပေါ် အချက်အလက်လုံလောက်မှုရှိ မရှိ စီစစ် စစ်ဆေးရန်.
- တိုင်ကြားချက်များမှ အချက်အလက်လုံလောက်ပြီး သက်သေခံ အချက်အလက်အဖြစ် တင်သွင်းရန် ဆုံးဖြတ်နိုင်သည်။
- မိတ်ဘက်အဖွဲ့မှ ဖြစ်ရပ် စုံစမ်းစစ်ဆေးရေးပြုလုပ်နိုင်ရန် အတွက် လိုအပ်သည့် တုန့်ပြန်ချက်နှင့် လမ်းညွှန်ချက်များ လိုအပ်သလို မျှဝေပေးရန်။
- OPS ညှိနှိုင်းရေးတာဝန်ခံမှ ဖြစ်ရပ်၏ အချိန်ဇယားအတိုင် ဖြစ်စဉ်အပေါ် မှတ်တမ်းတင်ထားရန် (မည်သူပါဝင်၊ အစီရင်ခံရမည့် လုပ်ငန်းစဉ်၊ မည်သည့်အချိန်တွင်ဖြစ်ခဲ့ကြောင်း၊ HARP-F အဖွဲ့မှ လက်ရှိမည်သို့လုပ်ဆောင်ကြောင်း၊ စသဖြင့်)။
- သက်သေခံအချက်အလလက်များကို HARP-F ၏ ကော်မတီနှင့် CA (ယူကေ)မှ Business Integrity ရုံးချုပ်မှ ကောက်ယူပြီး အကဲဖြတ်မည်ဖြစ်သည်။

## အလှူရှင်များနှင့် အစီရင်ခံရသူများအား အကြောင်းကြားခြင်း

- စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းအပြီးတွင် ထွက်ရှိလာသော ရလဒ်များ၊ ပြုပြင်ရမည့်အချက်များနှင့် ခွင့်ပြုနိုင်သော လုပ်ဆောင်ချက်များကိုပါတကွ FCDO ထံသို့ အကြောင်းကြားရမည်ဖြစ်သည်။
- HARP-F အနေဖြင့် နောက်ဆုံးထွက်ရှိလာသော စုံစစမ်းစစ်ဆေးမှုရလဒ်အစီရင်ခံစာအား လိုအပ်သလို တင်ပြရန်နှင့် လိုအပ်သည့် သက်သေအချက်အလက်များရှင်းလင်းပြီး ဖြစ်စဉ်အားအပြီးသတ်ပိတ်သိမ်းရန်။
- နောက်ဆုံးရှင်းလင်းချက် စာတိုအား မိတ်ဘက်များသို့ ပေးပို့ရန်။

## အတွေ့အကြုံမှ သင်ယူခြင်း

HARP-F နှင့် မိတ်ဘက်အဖွဲ့များမှ ဖြစ်ရပ်များပေါ် လေ့လာပြီး နောင်ထိုသို့ ဖြစ်ရပ်များ ကာကွယ်နိုင်ရန်အတွက် လိုအပ်သည့် မူဝါဒများနှင့် လမ်းညွှန်ချက်များကို ပြင်ဆင်ဖြည့်သွင်းရန်။

## အရေးယူခြင်း

HARP-F မှ ထွက်ရှိလာသည့် စုံစမ်းစစ်ဆေးခြင်းရလဒ်ပေါ်တွင် မူတည်ပြီးလိုအပ်သည့် စည်းကမ်းအရ အရေးယူမှုများ နှင့် လုပ်ဆောင်မည်ဖြစ်သည်။